သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# ကျောင်းသား/ ကျောင်းသူများ သိရှိလိုက်နာရမည့်

# ညွှန်ကြားချက်များ

ဇူလိုင်လ၊ ၂၀၂၅ ခုနှစ်

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာရမည့် ညွှန်ကြားချက်များ

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျောင်းသား၊ ကျောင်းသူများ လိုက်နာရန် စည်းကမ်းချက်များ | ၁ |
| | (က) အထွေထွေစည်းကမ်းချက်များ | ၁ |
| | (ခ) ကျောင်းလခပေးသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များ | ၁ |
| | (ဂ) ဆေးခွင့်လျှောက်ထားရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ | ၁ |
| | (ဃ) စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ | ၂ |
| | (င) နိုင်ငံသားစိစစ်ရေးကတ်ဆိုင်ရာ သတ်မှတ်ချက်များ | ၂ |
| | (စ) ကျောင်းတွင်းအဆောင်နေထိုင်ခွင့်ရရှိရေး သတ်မှတ်ချက်များ | ၂ |
| ၂။ | ကျောင်းတွင်းအဆောင်နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များ | ၄ |
| ၃။ | စာကြည့်တိုက်ဆိုင်ရာစည်းကမ်းချက်များ | ၆ |
| ၄။ | စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ | ၈ |
| | (က) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ပျက်ပြားစေသည့် ပြစ်မှု၊ ပြစ်ဒဏ်များ | ၈ |
| | (ခ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ | ၉ |
| | (ဂ) ကျောင်းစည်းကမ်းဖောက်ဖျက်မှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ | ၁၀ |
| | (ဃ) စာမေးပွဲဖြေဆိုခြင်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ | ၁၁ |

## ကျောင်းသား၊ ကျောင်းသူများ လိုက်နာရန် စည်းကမ်းချက်များ

### ၁။ အထွေထွေစည်းကမ်းချက်များ

(က) ကျောင်းမှန်မှန်တက်၍ သင်ကြားရမည့် ဘာသာရပ်များကို ကြိုးစားလေ့လာသင်ယူပြီး တက္ကသိုလ်ကျောင်းသား ပီသစွာ ပြုမူနေထိုင်ရမည်။

(ခ) တက္ကသိုလ်ဝင်းအတွင်းရှိနေစဉ် ကျောင်းသားကတ်ကို အမြဲ ချိတ်ဆွဲထားရမည်။

(ဂ) ကျောင်းတက်ရောက်မှုနှင့်ပတ်သက်၍ Credit System ဆိုင်ရာ သင်ကြား၊ သင်ယူမှု သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) တက္ကသိုလ်မှ သတ်မှတ်ထားသည့် ဝတ်စားဆင်ယင်မှုပုံစံဖြင့်သာ တက္ကသိုလ်ဝင်းအတွင်းသို့ ဝင်ရောက်ရမည်။ ကျောင်းသားများ ဆံပင်အရှည်ထားခြင်း၊ အရောင်ဆိုးခြင်း၊ နားကွင်း၊ နားကပ် တပ်ဆင်ခြင်းမပြုရ။

(င) ဤတက္ကသိုလ်တွင် တက်ရောက်နေစဉ်အတွင်း အခြားမည်သည့်တက္ကသိုလ်/ ကောလိပ်/ သိပ္ပံသို့ တစ်ပြိုင်တည်း တက်ရောက်ခြင်းမပြုရ။ စစ်ဆေးတွေ့ရှိပါက ကျောင်းသားစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

(စ) တက္ကသိုလ်မှ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များကို လိုက်နာရမည်။ ကျောင်းစည်းကမ်းကို ဖောက်ဖျက်ပါက ကျောင်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအရ အရေးယူခြင်းခံရမည်ဖြစ်ပြီး တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

### ၂။ ကျောင်းလခပေးသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များ

(က) သတ်မှတ်ကျောင်းလခကို သတ်မှတ်အချိန်ကာလအတွင်း မပျက်မကွက် ပေးသွင်းရမည်။

(ခ) ပေးသွင်းရန် ပျက်ကွက်ပါက စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

### ၃။ ဆေးခွင့်လျှောက်ထားရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ

(က) သတ်မှတ်ထားသည့် ဆေးခွင့်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။

(ခ) ဆေးခွင့်စတင်ခံစားသည့်ရက်မှ (၂) ပတ်အတွင်း ကျောင်းသားရေးရာဌာန၌ အချိန်မီလျှောက်ထားရမည်။

(ဂ) သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာန (သို့မဟုတ်) တက္ကသိုလ်များဆေးရုံ (သို့မဟုတ်) အစိုးရဆေးရုံမှ ထပ်ဆင့်ထောက်ခံချက် ပါရှိရမည့်အပြင် အမှန်တကယ် ဆေးကုသမှုခံယူနေရကြောင်း ထင်ရှားစေသည့် ဆေးကုသမှုမှတ်တမ်း မူရင်းအပြည့်အစုံအား ပူးတွဲတင်ပြရမည်။

(ဃ) ဆေးခွင့်လျှောက်လွှာတွင် သင်တန်းမှူး၏ ထောက်ခံချက်နှင့်အတူ မိဘ/အုပ်ထိန်းသူ တစ်ဦးဦး၏ လက်မှတ်ပါရှိရမည်။

(င) ကျန်းမာရေးအခြေအနေပေါ်မူတည်၍ ပညာသင်နှစ် (၁) နှစ်အတွက် အများဆုံး (၂၁) ရက်သာ ခံစားခွင့်ပြုသည်။

## ၄။ စာမေးပွဲဆိုင်ရာစည်းကမ်းချက်များ

(က) စာမေးပွဲခန်းအတွင်းသို့ နာရီဝက်ထက်ကျော်လွန်၍ ရောက်ရှိလာပါက စာမေးပွဲဖြေဆို ခွင့်ပြုမည် မဟုတ်ပါ။

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မိမိ၏ကျောင်းသားကတ်ကို စာမေးပွဲဖြေဆိုသည့် စားပွဲပေါ်တွင် တင်ထားရမည်။

(ဂ) စာမေးပွဲဖြေဆိုသူသည် အဖြေစာအုပ်၏ ပထမစာမျက်နှာရှိ ကွက်လပ်ပေါ်တွင် ခုံနံပါတ်ကို မှန်ကန်ပီသစွာ ရေးသားရမည်။ မိမိခုံနံပါတ်ကို မှားယွင်းရေးသားပြီး ခုံနံပါတ်အမှန်ကို ပြင်ဆင်လိုပါက စာမေးပွဲခန်းကြီးကြပ်ရေးမှူးအား အသိပေးပြီးမှသာ ပြန်လည်ပြင်ဆင်ရမည်။

(ဃ) စာမေးပွဲဖြေဆိုသူသည် မေးခွန်းလွှာနှစ်ဖက်လုံးတွင် မေးခွန်းအားလုံး ပါ၊ မပါကို သေချာစွာ စစ်ဆေးကြည့်ရှု၍ ကျောဘက်မပါခဲ့လျှင်ဖြစ်စေ၊ မေးခွန်းစာလုံးများ မှေးမှိန်နေလျှင် ဖြစ်စေ၊ ပျက်နေလျှင်ဖြစ်စေ မေးခွန်းလွှာအသစ်တစ်ရွက်ကို ကြီးကြပ်သူများထံမှ ထပ်မံ တောင်းယူနိုင်သည်။

(င) ပေးထားသောအဖြေစာအုပ်၌သာ ဖြေဆိုရမည်။ မလုံလောက်လျှင် အပိုစာရွက် တောင်းယူ၍ ဆက်လက်ဖြေဆိုနိုင်သည်။

(စ) Table၊ Chart၊ Graph များကို အသုံးပြုရန်လိုအပ်သော ဘာသာရပ် ဖြေဆိုသည့်အခါမှသာ အသုံးပြုရမည်။ အဆိုပါ Table၊ Chart၊ Graph များသည် စာဖြေဌာနက ထုတ်ပေးသော စာအုပ်၊ စာရွက်စာတမ်းများ ဖြစ်ရမည်။

(ဆ) စာမေးပွဲဖြေဆိုချိန် တစ်ဝက်မပြည့်မီ စာမေးပွဲခန်းမှ အပြီးထွက်ခွာခွင့် ပြုမည်မဟုတ်ပါ။

## ၅။ နိုင်ငံသားစိစစ်ရေးကတ်ဆိုင်ရာသတ်မှတ်ချက်များ

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/ (ပြု)/ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ခ) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးခြင်းနှင့် လျှောက်ထားဆဲဖြစ်ပါက လူဝင်မှုကြီးကြပ် ရေးဦးစီးဌာနနှင့် နေထိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် ယူဆောင်လာရမည်။

## ၆။ ကျောင်းတွင်းအဆောင်နေထိုင်ခွင့်ရရှိရေး သတ်မှတ်ချက်များ

(က) နယ်ဝေးကျောင်းသား၊ ကျောင်းသူများကို ပထမဦးစားပေး လက်ခံမည်။

(ခ) စည်ပင်နယ်နိမိတ်နှင့်ဝေးသော ကျောင်းသား၊ ကျောင်းသူများကို ဒုတိယဦးစားပေး လက်ခံမည်။

(ဂ) လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအရ ခက်ခဲသော ကျောင်းသား၊ ကျောင်းသူများကို စိစစ်၍ နေထိုင်ခွင့်ပြုမည်။

(ဃ) အဆောင်ဝင်ဆံ့သည့် ဦးရေပေါ်မူတည်၍ အခြားကျောင်းသား၊ ကျောင်းသူများကို နေထိုင်ခွင့်ပြုမည်။

(င) ကျောင်းတွင်းအဆောင်နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သူများအား အဆောင်နေထိုင်ခွင့်ပြုမည်မဟုတ်ပါ။

(စ) စာမေးပွဲကျရှုံးသူများအား အဆောင်နေထိုင်ခွင့်ပြုမည်မဟုတ်ပါ။

## ကျောင်းတွင်းအဆောင်နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များ

(က) အဆောင်တွင်းနှင့် အဆောင်ဝန်းကျင်၌ လောင်းကစားပြုလုပ်ခြင်း၊ ကွမ်းစားသုံးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ Vape(e-cigarette) သောက်သုံးခြင်း၊ မူးယစ်စေတတ်သော ဆေးဝါးများနှင့် အရက်သေစာသောက်စားခြင်း၊ ရောင်းချခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ခ) အဆောင်အတွင်းနေထိုင်ခွင့်ရရှိသူမှအပ အခြားမည်သူမျှခေါ်မထားရ။ ဧည့်သည်လာရောက်တွေ့ဆုံပါက အဆောင်မှူးနှင့်အဆောင်နည်းပြများ၏ ခွင့်ပြုချက်ဖြင့် တွေ့ဆုံရမည်။

(ဂ) အဆောင်တွင်းနှင့် အဆောင်ဝန်းကျင်၌ ဆဲဆို၊ အော်ဟစ်၊ ဝိုင်းဖွဲ့ဆူညံခြင်း၊ ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်သည်အထိ ကျယ်လောင်စွာသီချင်းဆိုခြင်း၊ သီချင်းဖွင့်ထားခြင်း ဆော့ကစားခြင်း မပြုလုပ်ရ။

(ဃ) အဆောင်နေထိုင်သူ အချင်းချင်း ခိုက်ရန်ဖြစ်ပွားပါက နှစ်ဖက်စလုံးအား အဆောင်နေထိုင်ခွင့်ရုပ်သိမ်းသည်အထိ အရေးယူခံရမည်။

(င) အဆောင်အတွင်း ချက်ပြုတ်စားသောက်ခြင်း၊ ရေနွေးအိုးတည်ခြင်း၊ မီးပူတိုက်ခြင်းများ မပြုလုပ်ရ။ (သတ်မှတ်ထားသောနေရာတွင်သာ ခွင့်ပြုမည်။)

(စ) ထမင်းစားခန်းမှ အစားအစာများနှင့် ထမင်းစားခန်းသုံးပစ္စည်းများကို မိမိအခန်းအတွင်းသို့ ယူဆောင်ခြင်းမပြုလုပ်ရ။

(ဆ) ညနေ(၆:၀၀)နာရီမှ နံနက်(၆:၀၀)နာရီအတွင်း အဆောင်မှူးနှင့် အဆောင်နည်းပြ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ အဆောင်သို့ ဝင်/ထွက်ခြင်း မပြုရ။ စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင်လည်း အဆောင်မှူးနှင့် အဆောင်နည်းပြတို့၏ ခွင့်ပြုချက်မရှိဘဲ ခရီးသွားလာခြင်း၊ အိမ်ပြန်ခြင်း မပြုလုပ်ရ။

(ဇ) အဆောင်ဝင်းအတွင်း၌ စားသောက်ကုန်နှင့်အခြားမည်သည့်ပစ္စည်းမျှ ရောင်းချခြင်းမပြုလုပ်ရ။

(ဈ) အဆောင်အဆောက်အဦနှင့် အဆောင်ရှိပစ္စည်းများကို မဖျက်ဆီးရ။ မိမိကြောင့် ပျက်စီး/ပျောက်ဆုံးပါက မိမိအစီအစဉ်ဖြင့် ပြန်လည်ပေးလျော်ရမည်။

(ည) အဆောင်အတွင်း၌ အေးချမ်းစွာ ပညာသင်ကြားရေးကို နှောက်ယှက်မှု ဖြစ်စေမည့် ပြောဆိုခြင်း၊ ပြုမူခြင်း၊ စာရွက်စာတမ်းများဝေငှခြင်း၊ ကြော်ငြာစာတမ်းများကပ်ခြင်း ဟောပြောခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လူစုလူဝေးလုပ်ခြင်းများ မပြုလုပ်ရ။

(ဋ) အဆောင်ခန်းအတွင်း၌ ပစ္စည်းများကို စနစ်တကျ ထားသို၍ မိမိပိုင်ပစ္စည်းများ ပျောက်ဆုံးမှုမရှိစေရန် ထိန်းသိမ်းရမည်။

(ဌ) အဆောင်ခန်းသန့်ရှင်းရေး၊ အဆောင်တွင်းနှင့် အဆောင်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြေရေးနှင့် အဆောင်လုံခြုံရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရမည်။

(ဍ) ရေနှင့်လျှပ်စစ် ပြုန်းတီးမှုမရှိစေရေးနှင့် အန္တရာယ်မရှိစေရေး စနစ်တကျသုံးစွဲရမည်။

(ဃ) စားသောက်စရိတ်များကို လစဉ် လဆန်း (၇)ရက်အတွင်း ပေးသွင်းရမည်။ ကျော်လွန်ပါက ဒဏ်ကြေးပေးဆောင်ရမည်။

(ဏ) စာမေးပွဲကျရှုံးပါက အဆောင်နေထိုင်ခွင့် ပြန်လည်ရုပ်သိမ်းမည်။

(တ) အုပ်ထိန်းသူ၏ ခွင့်ပြုချက်မပါဘဲ မိမိသဘောဆန္ဒအလျောက် အဆောင်မှ နှုတ်ထွက်ခွင့် ပြုမည်မဟုတ်ပါ။

(ထ) အဖိုးတန်လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်နေထိုင်ခွင့်မပြုပါ။

(ဒ) အဆောင်တွင်းနေထိုင်ရာ၌ အရေးကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လာပါက အဆောင်မှူးနှင့် အဆောင်နည်းပြတို့ထံသို့ အချိန်မီ သတင်းပေးပို့ရမည်။

(ဓ) အခါအားလျော်စွာ ချမှတ်မည့် အဆောင်စည်းကမ်းများကို လိုက်နာရမည်။

(န) ရှောင်တခင်စစ်ဆေးရာ၌ အဆောင်စည်းကမ်းများအား ဖောက်ဖျက်ကျူးလွန်သည်ကို တွေ့ရှိရပါက အရေးယူခံရမည်။

(ပ) အဆောင်စည်းကမ်းများနှင့်စပ်လျဉ်း၍ အရေးယူခြင်း၊ အဆောင်မှထုတ်ပယ်ခြင်းများသည် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

**မှတ်ချက်။** အဆောင်နေထိုင်ခွင့်ပေးခြင်းသည် ပညာသင်ကြားမှုကို အထောက်အကူဖြစ်စေရန် သာမက ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ မိမိကိုယ်ကိုထိန်းသိမ်း စောင့်ရှောက်တတ်ခြင်း၊ စည်းကမ်းလိုက်နာတတ်ခြင်း၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်တတ်ခြင်း၊ ချစ်ကြည်ရင်းနှီးစွာ နေထိုင်တတ်ခြင်းစသည့် ကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးလာစေရန်အတွက် နေထိုင်ခွင့်ပြုခြင်းဖြစ်သည်။ ထို့ကြောင့် ဤသို့သော ပတ်ဝန်းကျင်ကောင်းတွင် မိမိကိုယ်ကို ထိန်းကျောင်းပြီး ကောင်းမွန်စွာ နေထိုင်လျက် ပညာသင်ယူလေ့လာဆည်းပူးမှု ပြုလုပ်ကြပါရန် အလေးအနက် တိုက်တွန်းပါသည်။

## စာကြည့်တိုက်ဆိုင်ရာစည်းကမ်းချက်များ

(က) စာကြည့်တိုက်ကို နေ့စဉ် နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီထိ စာအုပ်ငှားရမ်းခွင့်ပြုသည်။(စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမပါ။)

(ခ) ကျောင်းသား၊ ကျောင်းသူများသည် တစ်ကြိမ်လျှင် ရက်သတ္တ(၁)ပတ် ငှားရမ်းနိုင်သည်။ မူလငှားရမ်းခွင့်ရှိသောကာလ ကုန်ဆုံးပါက ရက်ထပ်တိုး၍ ငှားရမ်းနိုင်သည်။ သို့ရာတွင် မိမိငှားရမ်းထားသောစာအုပ်ကို အခြားသူတစ်ဦးက ငှားရမ်းလိုကြောင်း လျာထားခြင်း မရှိမှသာလျှင် ဆက်လက်၍ ငှားရမ်းခွင့်ရှိသည်။

(ဂ) တစ်ကြိမ်ငှားရမ်းနိုင်သည့် စာအုပ်အရေအတွက်မှာ အတန်းအသီးသီးအတွက် ထုတ်ပေးထားသော စာအုပ်ငှားရမ်းခွင့်ကတ်များအတိုင်းသာဖြစ်ပါသည်။

(ဃ) စာအုပ်များကို ငှားရမ်းခွင့်ကာလကုန်ဆုံးပြီး ဆက်လက်၍ ငှားရမ်းလိုကြောင်း အကြောင်းမကြားလျှင် ရက်လွန်ကြေး ပေးဆောင်ရမည်။

(င) ငှားရမ်းထားသောစာအုပ်များ ပျောက်ဆုံးသွားလျှင် မူလစာအုပ်အတိုင်း အစားထိုးပေးလျော်ရမည်။ စာအုပ်မလျော်နိုင်ပါက ကာလတန်ဘိုး (၃)ဆကို ပေးလျော်ရမည်။

(စ) စာအုပ်၏ မူလအခြေအနေ ချွတ်ယွင်းလျှင် ငှားရမ်းထားသူက ပြန်လည်ပြုပြင်ပေးရန် (သို့မဟုတ်) စာအုပ်ပေးလျော်ရန် တာဝန်ရှိသည်။

(ဆ) ပေးဆောင်ရန်ရှိသော ရက်လွန်ကြေးများနှင့် လျော်ကြေးငွေများကို မပေးဆောင်လျှင် (အကြွေးမကျေလျှင်) ထိုကာလအတွင်းတွင် စာအုပ်ငှားရမ်းခွင့် ပြုမည်မဟုတ်ပါ။

(ဇ) စာဖတ်သူနှင့် စာအုပ်ငှားရမ်းသူများသည် စာကြည့်တိုက်ပိုင် စာအုပ်များပေါ်တွင် စာရေးသားခြင်း၊ ရုပ်ပုံဆွဲခြင်း အစရှိသောအပြုအမူများကို မပြုလုပ်ရ။

(ဈ) စာမေးပွဲများ မစတင်မီ (၇)ရက်အလိုတွင် ငှားရမ်းထားသောစာအုပ်များကို ပြန်လည်ပေးအပ်ရမည်။ ယင်းရက်ကို စာကြည့်တိုက်မှူးမှ ကြိုတင်ကြေညာမည်။

(ည) စာမေးပွဲဖြေဆိုပြီးသည်အထိ ငှားရမ်းထားသောစာအုပ်များကို ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက စာမေးပွဲအောင်စာရင်းမှ ချန်လှပ်ထားမည်ဖြစ်သည်။

(ဋ) မိမိပိုင်ဆိုင်သောပစ္စည်းများနှင့် လွယ်အိတ်စသည်တို့ကို စာဖတ်ခန်းအတွင်းသို့ ယူဆောင်လာခြင်းမပြုရ။

(ဌ) စာအုပ်ငှားရမ်းခွင့်ကတ်များနှင့် မိမိငှားရမ်းထားသောစာအုပ်များကို လက်ဆင့်ကမ်းခြင်း မပြုလုပ်ရ။ စာအုပ်ပျောက်ဆုံးလျှင် ကတ်ပြားပိုင်ရှင်၏ တာဝန်သာဖြစ်သည်။

(ဍ) ရည်ညွှန်းစာအုပ်များ၊ ကန့်သတ်စာအုပ်များ၊ စာနယ်ဇင်းများကို စာဖတ်ခန်းအတွင်း၌သာ ကျောင်းသားကတ်၊ ဝန်ထမ်းကတ် အသုံးပြု၍ ဖတ်ရှုနိုင်သည်။ ပြင်ပသို့ ငှားရမ်းခွင့်မပြုပါ။

(ၿ) စာဖတ်ခန်းအတွင်း ဆေးလိပ်သောက်ခြင်း၊ အစားအသောက်များ ယူဆောင်စားသုံးခြင်း၊ ဝိုင်းဖွဲ့စကားပြောခြင်းနှင့် အခြားစာဖတ်သူများ အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများကို မပြုလုပ်ရ။

(ဏ) အကြောင်းကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လာပါက စာကြည့်တိုက်ရှိ တာဝန်ရှိသူမှ ကျောင်းသားကတ် ပြသရန် တောင်းဆိုခဲ့လျှင် ပြသရမည်။

## စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ

### (က) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ပျက်ပြားစေသည့် ပြစ်မှု၊ ပြစ်ဒဏ်များ

| စဉ် | ဖြစ်စဉ်/ ပြစ်မှု | ချမှတ်သည့် ပြစ်ဒဏ်များ |
|---|---|---|
| ၁ | ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ပျက်ပြားစေရန် (သို့မဟုတ်) ဆူပူလှုပ်ရှားမှု ဖြစ်ပေါ်စေရေးရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ခြင်း၊ လှုံ့ဆော်မှုကို အားပေးခြင်း၊ ကိုယ်တိုင်ပါဝင်ခြင်း (ဥပမာ ပိုစတာကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျောင်းမတက်အောင် သွေးဆောင်ခြင်း၊ စာမေးပွဲဖြေဆိုခြင်းကို ဟန့်တားခြင်း၊ ဆန္ဒပြရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်းနှင့် အလားတူကိစ္စများဖြစ်ပေါ်စေရန် ပြောဆိုခြင်း၊ ပြုမူခြင်း၊ လုပ်ဆောင်ခြင်း စသည်တို့ဖြစ်သည်။) | ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၂ | ဆူပူလှုပ်ရှားမှုတွင် ပါဝင်၍ ပြစ်မှုဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်း | ကျောင်းမှနှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊ ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၃ | ဆူပူလှုပ်ရှားမှုတွင် ပါဝင်၍ ပြစ်မှုဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ ပြစ်ဒဏ်ခံရခြင်း | ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၄ | ဆူပူလှုပ်ရှားမှုတွင် ခေါင်းဆောင်အဖြစ်ပါဝင်ခြင်း | ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၅ | ဆူပူလှုပ်ရှားမှုတွင် နောက်လိုက်အဖြစ်ပါဝင်ခြင်း | ကျောင်းမှနှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊ ကျောင်းမှအပြီးထုတ်ပယ်ရန် |

## (ခ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ

| စဉ် | ဖြစ်စဉ်/ ပြစ်မှု | ချမှတ်သည့် ပြစ်ဒဏ်များ |
|---|---|---|
| ၁ | မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကို သုံးစွဲခြင်း၊ ထားသိုခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း | ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၂ | ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ခံရခြင်း | ပြစ်မှုအလိုက် ပြင်းထန်စွာသတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၃ | နိုင်ငံပိုင်နှင့် ကျောင်းပိုင်အဆောက်အဦများ၊ ပစ္စည်းများ၊ သူတပါးပိုင်ဆိုင်သောပစ္စည်းများကို ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ အဓမ္မယူခြင်း | မတော်တဆ ထိခိုက်ပျက်စီးခြင်းဖြစ်ပါက ပစ္စည်းတန်ဖိုး ပေးလျော်စေ၍ ပြင်းထန်စွာ သတိပေးရန်၊<br>ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းဖြစ်ပါက ပစ္စည်းတန်ဖိုး ပေးလျော်စေ၍ ကျောင်းမှ နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ပစ္စည်းတန်ဖိုး ပေးလျော်စေ၍ ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၄ | ဆရာမများ၊ ကျောင်းသူများအား ကာအိန္ဒြေပျက်ပြားအောင် ပြောဆိုခြင်း၊ ပြုမူခြင်း၊ လုပ်ဆောင်ခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၅ | ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားပုဂ္ဂိုလ်များအား ဆဲရေးတိုင်းထွာခြင်း၊ ကြိမ်းဝါးခြင်း၊ နှောက်ယှက်ခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၆ | ဆရာ၊ ဆရာမများက ဆိုဆုံးမသည်များကို မနာခံခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၇ | ကျောင်းတွင်း၊ ကျောင်းပြင် လောင်းကစားမှု ကျူးလွန်ခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |

## (ဂ) ကျောင်းစည်းကမ်းဖောက်ဖျက်မှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ

| စဉ် | ဖြစ်စဉ်/ ပြစ်မှု | ချမှတ်သည့် ပြစ်ဒဏ်များ |
|---|---|---|
| ၁ | စာသင်ခန်းအတွင်းနှင့် အပြင်၌ သင်ကြားမှုကို အနှောက်အယှက်ဖြစ်စေရန်ပြောဆိုပြုမူလုပ်ဆောင်ခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၂ | ကျောင်းတွင်း၊ ကျောင်းပြင် ခိုက်ရန်ဖြစ်ပွားခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၃ | ကျောင်းတွင်း၊ ကျောင်းပြင် အရက်သေစာ သောက်စား မူးယစ်ခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယရန် |
| ၄ | ကျောင်းမှ အခါအားလျော်စွာ ချမှတ်ထားသော ကျောင်းစည်းကမ်းများကို မလိုက်နာခြင်း | ကျူးလွန်သည့် ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |
| ၅ | တက္ကသိုလ်၏ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေမည့် ကိစ္စရပ်များကို ပြောဆိုခြင်း၊ ပြုမူခြင်း၊ လုပ်ဆောင်ခြင်း | ကျူးလွန်သည့်ပြစ်မှုကို စိစစ်၍ ပြင်းထန်စွာ သတိပေးရန်၊<br>နှစ်အကန့်အသတ်ဖြင့် ရပ်နားရန်၊<br>ကျောင်းမှအပြီးထုတ်ပယ်ရန် |

## (ဃ) စာမေးပွဲဖြေဆိုခြင်းဆိုင်ရာ ပြစ်မှု/ပြစ်ဒဏ်များ

| စဉ် | ဖြစ်စဉ်/ပြစ်မှု | ဖြစ်စဉ်/ပြစ်မှုအလိုက် ပြစ်ဒဏ်များ |
|---|---|---|
| ၁ | စာမေးပွဲမဖြေမီ မသမာမှုပြုရန် ရည်ရွယ်၍ ကြိုတင်ကြံစည်ခြင်း (စာမေးပွဲခန်းသို့ မဝင်မီ စာမေးပွဲခန်းကြီးကြပ်ရေးမှူးများမှ စစ်ဆေးစဉ် တွေ့ရှိပါက) | ပြင်းထန်စွာ သတိပေး၍ ဝန်ခံကတိ ရေးထိုးစေရန် |
| ၂ | စာမေးပွဲကို မသမာသောနည်းဖြင့် ဖြေဆိုရန် မှတ်စု၊ စာရွက်၊ စာတမ်း၊ စာအုပ်နှင့် အခြားအထောက်အကူပြု ပစ္စည်းများအား စာမေးပွဲခန်း အတွင်းသို့ ယူဆောင်လာခြင်း၊ စာမေးပွဲခန်း အတွင်း၌ စာဖြေသူ၏ ခန္ဓာကိုယ် တစ်နေရာရာတွင် ရေးမှတ်လာသည်ကို တွေ့ရှိရခြင်း | ကျူးလွန်သည့်ပြစ်မှုကို **စိစစ်၍ ပြစ်မှုအလိုက် ပြင်းထန်စွာ သတိပေးခြင်းအဆင့်မှ စာမေးပွဲ ဖြေဆိုခွင့် ရပ်စဲ၍ လက်ရှိပညာသင်နှစ်အား ကျရှုံး သတ်မှတ်သည့် အဆင့်အထိ** ပြစ်မှုအလိုက် ပြစ်ဒဏ်သတ်မှတ်ရန် |
| ၃ | စာမေးပွဲခန်းအတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ စာမေးပွဲဖြေဆိုခြင်းအား အနှောင့်အယှက်ပြုခြင်း | ကျူးလွန်သည့်ပြစ်မှုကို **စိစစ်၍ ပြစ်မှုအလိုက် ပြင်းထန်စွာ သတိပေးခြင်းအဆင့်မှ စာမေးပွဲ ဖြေဆိုခွင့် ရပ်စဲ၍ လက်ရှိပညာသင်နှစ်အား ကျရှုံးသတ်မှတ်သည့် အဆင့်အထိ** ပြစ်မှုအလိုက် ပြစ်ဒဏ် သတ်မှတ်ရန် |
| ၄ | စာမေးပွဲဖြေဆိုပြီး အဖြေလွှာကို သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးထံ မအပ်နှံပဲ စာမေးပွဲခန်း ပြင်ပသို့ ယူဆောင်သွားခြင်း | စာမေးပွဲဖြေဆိုခွင့်ရပ်စဲ၍ စာမေးပွဲဖြေဆိုသည့် **ပညာသင်နှစ်(၁)နှစ် ကျရှုံး** သတ်မှတ်ရန် |
| ၅ | စာမေးပွဲခန်းတွင် ခိုးချခြင်း၊ ခိုးချရန်ကြိုးစားခြင်းစသည့် မသမာသောနည်းလမ်းဖြင့် ဖြေဆိုကြောင်း စာမေးပွဲကြီးကြပ်ရေးအဖွဲ့မှ အထောက်အထား ခိုင်လုံစွာ တွေ့ရှိရခြင်း | စာမေးပွဲဖြေဆိုခွင့်ရပ်စဲ၍ စာမေးပွဲဖြေသည့် ပညာသင်နှစ်အား **ကျရှုံး**သတ်မှတ်ပြီး **နောက်ထပ် ဆက်တိုက် ပညာသင်နှစ်(၁)နှစ်ကို ပညာသင်ခွင့် ရပ်ဆိုင်းရန်** |
| ၆ | စာမေးပွဲအခန်းအတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ ကြီးကြပ်သူ ဆရာ၊ဆရာမများအား ရိုင်းပြစွာ ပြောဆိုဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း | စာမေးပွဲဖြေဆိုခွင့်ရပ်စဲ၍ စာမေးပွဲဖြေသည့် ပညာသင်နှစ်အား **ကျရှုံး** သတ်မှတ်ပြီး **နောက်ထပ် ဆက်တိုက် ပညာသင်နှစ်(၁)နှစ်ကို ပညာသင်ခွင့် ရပ်ဆိုင်းရန်** |
| ၇ | မိမိဖြေဆိုပြီးသော အဖြေလွှာစာရွက် (သို့မဟုတ်) အဖြေရေးသားနိုင်သည့် တစ်စုံတစ်ရာကို အခြားကျောင်းသားတစ်ဦးအား ကူးယူစေခြင်းနှင့် အခြားနည်းလမ်းဖြင့်ကူညီခြင်း | စာမေးပွဲဖြေဆိုခွင့်ရပ်စဲ၍ စာမေးပွဲဖြေသည့် ပညာသင်နှစ်အား **ကျရှုံး** သတ်မှတ်ပြီး **နောက်ထပ် ဆက်တိုက် ပညာသင်နှစ်(၁)နှစ်ကို ပညာသင်ခွင့် ရပ်ဆိုင်းရန်** (ကူညီသူနှင့် အကူအညီလက်ခံသူအား တူညီစွာ အရေးယူရန်) |
| ၈ | အသင့်ဖြေဆိုထားသော စာရွက်များကို အစားထိုးလဲလှယ်ခြင်း၊ အသင့်ဖြေဆိုထားသော အဖြေလွှာစာအုပ်ဖြင့် လဲလှယ်ခြင်းစသည့် မသမာသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုခြင်း | စာမေးပွဲဖြေဆိုခွင့်ရပ်စဲ၍ စာမေးပွဲဖြေသည့် ပညာသင်နှစ်အား **ကျရှုံး** သတ်မှတ်ပြီး **နောက်ထပ် ဆက်တိုက် ပညာသင်နှစ်(၂)နှစ်ကို ပညာသင်ခွင့် ရပ်ဆိုင်းရန်** |

| စဉ် | ဖြစ်စဉ်/ပြစ်မှု | ဖြစ်စဉ်/ပြစ်မှုအလိုက် ပြစ်ဒဏ်များ |
|---|---|---|
| ၉ | အဖြေလွှာလဲယူခြင်းနှင့် ၎င်းအဖြေလွှာပေါ်တွင် ခုံအမှတ်ကို ပြင်ဆင်ခြင်း | စာမေးပွဲဖြေဆိုခွင့်ရုပ်စဲ၍ စာမေးပွဲဖြေသည့် ပညာသင်နှစ်အား **ကျရှုံး** သတ်မှတ်ပြီး **နောက်ထပ် ဆက်တိုက် ပညာသင်နှစ်(၂)နှစ်ကို ပညာသင်ခွင့် ရုပ်ဆိုင်းရန်** (လဲယူနိုင်ရန် အခြားကျောင်းသား၏ အကူအညီ ပါရှိ/မရှိ စိစစ်၍ ပါရှိက ၎င်းကျောင်းသားကိုပါ တူညီစွာ အရေးယူဆောင်ရွက်ရန်) |
| ၁၀ | စာမေးပွဲတွင် လူစားထိုးဝင်ရောက် ဖြေဆိုခြင်း | စာမေးပွဲဖြေဆိုခွင့်ရုပ်စဲ၍ စာမေးပွဲဖြေသည့် ပညာသင်နှစ်အား **ကျရှုံး** သတ်မှတ်ပြီး **နောက်ထပ် ဆက်တိုက် ပညာသင်နှစ်(၂)နှစ်ကို ပညာသင်ခွင့် ရုပ်ဆိုင်းရန်** (သက်ဆိုင်ရာ ကျောင်းသား/ကျောင်းသူနှင့် လူစားဝင်ရောက် ဖြေဆိုပေးသူသည် မိမိတက္ကသိုလ်မှ ဖြစ်ပါက တူညီစွာအရေးယူရန်၊ အခြားဝန်ကြီးဌာနအောက်ရှိ ကျောင်းတစ်ခုခုမှ ဖြစ်ပါက သက်ဆိုင်ရာ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများထံသို့ အကြောင်းကြားစာ ပေးပို့ရန်၊ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ အကြီးအကဲထံသို့လည်းကောင်း ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လည်းကောင်း အကြောင်းကြားစာ ပေးပို့ရန် |
| ၁၁ | စာမေးပွဲမဖြေဆိုမီ ကြိုတင်ဝင်ရောက်နှောင့်ယှက်ခြင်း | ကျူးလွန်သည့်ပြစ်မှု စိစစ်၍ ပြင်းထန်စွာ သတိပေးခြင်းပြုလုပ်ရန်၊ **လက်ရှိပညာသင်နှစ် (၁)နှစ်** ရုပ်နားသတ်မှတ်ရန် |